Buddhist Council of NSW

*Working for the Buddhist Community*

# Uluru Statement of the Heart အပေါ် ဗုဒ္ဓဘာသာ အဖွဲ့အစည်း၏ ပြန်ကြားချက်

*၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဆစ်တနီမြို့၌ Buddhist Council of NSW က ကျင်းပပြုလုပ်သော တွေ့ဆုံပွဲတွင် လူစုံတက်စုံ ဗုဒ္ဓဘာသာ အသိုက်အဝန်းလူများ၏ ကိုယ်စားလှယ်များက စီစဉ်ဆောင်ရွက်သည်*

## ဖိတ်ကြားလွှာ

Uluru Statement of the Heart ၏ ထုတ်ပြန်ချက်တွင် နိုင်ငံ့အရင်းအခြာလူမျိုးများ (Australia's First Peoples) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြောဆိုပိုင်ခွင့် (Voice) ကို ပြဋ္ဌာန်းပေးပါရန် တောင်းဆိုထားသည်၊ ဩစတြေးလျနိုင်ငံ၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ အမှန်အကန်ပြောဆိုရန်နှင့် အစိုးရများနှင့် နိုင်ငံ့အရင်းအခြာလူမျိုးများ (Australia's First Peoples) အကြား သဘောတူစာချုပ် ချုပ်ဆိုရေးဖြစ်စဉ်ကိစ္စဖြစ်သည်။ သူတို့သည် ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် ဩစတြေးလျနိုင်ငံ ပြည်သူပြည်သားတို့၏ လှုပ်ရှားမှုတွင် သူတို့နှင့်အတူ ပါဝင်ပူးပေါင်းပေးရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်ထားပါသည်။

## ကျွန်ုပ်တို့၏ သမိုင်းကြောင်း

ဩစတြေးလျ နိုင်ငံ့အရင်းအခြာလူမျိုးများ (Australia's First Peoples) သည် ကမ္ဘာပေါ်တွင် နှစ်အကြာဆုံး ဆက်လက်ရှင်သန်နေသည့် ယဉ်ကျေးမှုရှိကြသည်၊ ဤနေရာဒေသ၌ နှစ်ပေါင်း ခြောက်သောင်းကျော် နေထိုင်လျက်ရှိသည်။ ၁၇၈၈ ခုနှစ်ကတည်းကစ၍ နယ်ချဲ့ကိုလိုနီစနစ်၏ ဆိုးကျိုးများအဖြစ် - လူမျိုးတုံး သတ်ဖြတ်ခြင်း၊ သူတို့၏မြေများကို လက်လွှတ်ဆုံးရှုံးစေခြင်း၊ သူတို့၏ကလေးများကို အတင်းအကျပ် ဖယ်ရှားခြင်းနှင့် သူတို့၏ ယဉ်ကျေးမှုများနှင့် ဘာသာစကားများကို ကျင့်သုံးခြင်းမှ တားမြစ်ပိတ်ပင်ခြင်း- စသဖြင့်တို့သည် သူတို့ အပေါ်၊ သူတို့၏ မိသားစုများနှင့် လူမှုအသိုက်အဝန်းများအပေါ် ဆက်လက်၍ သက်ရောက်မှုရှိနေသည်။ ကျူးကျော်သူများနှင့် နိုင်ငံ့အရင်းအခြာလူများ အကြား မည်သည့် စာချုပ်စာတမ်းမျှ မရှိခြင်းကြောင့် မြေများကို မည်သို့မျှ လက်လွှတ်ပေးခဲ့သည် မဟုတ်ပါ။ သူတို့သည် ကြံ့ကြံ့ခံနေနိုင်သော်လည်း သူတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်း၊ လက်ရှိဖြစ်တည်နေသော ဩစတြေးလျ၌ သူတို့၏ ဘာသာစကားများကို ပြန်လည်သွတ်သွင်းခြင်းအပြင် သူတို့၏နေရာကို ပြန်လည်ထူထောင်ခြင်း၊ နိုင်ငံ့အရင်းအခြာလူမျိုး အများအပြားကို အရေးမပါနိမ့်ချကြပြီး ခွဲခြားဆက်ဆံခြင်းနှင့် စနစ်တကျ လူမျိုးခွဲခြား ဆက်ဆံရေးဝါဒ ဦးတည်ပစ်မှတ်ထားခံရခြင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် ကြွယ်ဝချမ်းသာရေးတို့တွင် ပိုမိုဆင်းရဲတွင်း နက်နေရခြင်း တို့အပြင် မမျှမတစွာဖြင့် ထောင်သွင်းအကျဉ်းချခံရခြင်းနှုန်းထား မြင့်မားခြင်း တို့ဖြစ်ကြပါသည်။

## ကျွန်ုပ်တို့၏ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားကျယ်ပြန့်မှု

ဩစတြေးလျနိုင်ငံ၏ ဗုဒ္ဓဘာသာ လူမှုအသိုက်အဝန်းများသည် မြောက်မြားစွာသော နယ်မြေများနှင့် ဘာသာစကား နောက်ခံများမှ ရောက်ရှိလာကြပါသည်။ ကျွန်ုပ်တို့ အမြောက်အမြားမှာ ကျွန်ုပ်တို့ မိမိအိမ်ဟု ယခု ခေါ်ဆိုသည့်နေရာ၌ ကျွန်ုပ်တို့ မိမိတို့ဖာသာ ထူထောင်ရန်နှင့် မိမိတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရန် မူလအိမ်များကို ကျော်ခိုင်းပစ်ပယ်၍ ဩစတြေးလျနိုင်ငံသို့ ဒုက္ခသည်များ သို့မဟုတ် စီးပွားရေးအကြောင်းခံ ရွှေ့ပြောင်းလာသူများအဖြစ် ရောက်ရှိလာခဲ့ ကြသည်။ ကျွန်ုပ်တို့အနေဖြင့် ဩစတြေးလျ နိုင်ငံ့အရင်းအခြာလူမျိုးများနှင့် ဆက်သွယ်ဆက်ဆံရေး အခွင့်အလမ်း အနည်းအကျဉ်းသာ ရှိခဲ့နိုင်သော်လည်း ပြောရေးဆိုခွင့် နည်းပါးမှုနှင့် မိမိဒေသနယ်မြေတွင် မိမိအား သူစိမ်းအဖြစ် ဆက်ဆံခံရခြင်းမှာ မည်သို့ခံစားရနိုင်ကြောင်း ကျွန်ုပ်တို့လည်း သိရှိပါသည်။

## ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ တန်ဖိုးထားရာများ

ဩစတြေးလျ နိုင်ငံ့အရင်းအခြာလူမျိုးများက ကျွန်ုပ်တို့အား ဝေမျှပေးကမ်းခဲ့သည့် တန်စိုးလက်ဆောင်များ ဖြစ်ကြသည့်- သူတို့၏ ယဉ်ကျေးမှုများ၊ နိုင်ငံနှင့် ဆက်နွယ်မှုများအပြင် မိသားစုနှင့် လူမှုအသိုက်အဝန်းအပေါ် တာဝန်ယူမှုများအတွက် ကျွန်ုပ်တို့ ကျေးဇူးတင်ရှိလှပါသည်။ အတိတ်နှင့် ပစ္စုပ္ပန် အမှားအယွင်းများအတွက် သူတို့၏ နားလည်ခွင့်လွှတ်မှုကြောင့် ကျွန်ုပ်တို့မှာ နားလည်ရိုးကျိုးဦးညွှတ်ရပါသည်။ ချစ်ခင်နှစ်သက်ဖွယ်ကောင်းသော-မေတ္တာထားခြင်း၊ ဂရုဏာထားခြင်းနှင့် သနားကြင်နာသော ပျော်ရွှင်မှု၊ အရာအားလုံးအကြား စွဲစွဲမြဲမြဲ ချည်နှောင်ခြင်း အပေါ် ကျွန်ုပ်တို့၏ အသိအမှတ်ပြုမှု၊ နှင့် စိတ်စေတသိက်ဆင်ခြင်မှုနှင့်တရားထိုင်ခြင်းအပြင် အရေးတယူ နားထောင်ခြင်းတို့မှာ ကျွန်ုပ်တို့၏ တန်ဖိုးထားရာများနှင့် ဆင်တူများရှိသည်ကို ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ကျွန်ုပ်တို့သည် အမှန်တရား ထုတ်ဖော်ပြောကြားခြင်းအတွက် လိုအပ်ချက်ကိုလည်း အသိအမှတ်ပြုပါသည် သို့မှသာ ကျွန်ုပ်တို့အနေဖြင့် မတရားမှုများကို ဖြေရှင်းပေးရန်အတွက်နှင့် ဩစတြေးလျနိုင်ငံကို အိမ်အဖြစ် ခေါ်ဆိုကြသည့် ကျွန်ုပ်တို့အားလုံးအတွက် နာကျင်မှုကို ဖြေသိမ့်ကုစားပေးရန်အတွက် ကျွန်ုပ်တို့အားလုံး အတူတကွ ပူးပေါင်း လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

## ကျွန်ုပ်တို့ ဗုဒ္ဓဘာသာအဖွဲ့၏ ပြန်ကြားချက်

နိုင်ငံ့အရင်းအခြားလူမျိုးများနှင့် တိုင်းရင်းလူမျိုးများ- မဟုတ်ကြသည့် ဩစတြေးလျပြည်သူပြည်သားများ အားလုံး အတွက် အကျိုးရှိမည့် တရားမျှတပြီး စည်းလုံးညီညွတ်ပေါင်းစည်းသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု၌ အတူလက်တွဲနေမည့် ဩစတြေးလျနိုင်ငံကို ဖန်တီးရန်အတွက် အတူလုပ်ဆောင်မည့် ဖိတ်ကြားလွှာကို ကျွန်ုပ်တို့ လက်ခံပါသည်။ **ဩစတြေးလျနိုင်ငံ၏ အတိတ်နှင့် ပစ္စုပ္ပန် အပေါ် စစ်မှန်သော စီရင်ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာမည့် ဖြေသိမ့်ကုစားမှုဆီသို့ ကျွန်ုပ်တို့ ရှေ့ရှုမျှော်လင့်ပါသည်။** ကျွန်ုပ်တို့သည် နိုင်ငံ့အရင်းအခြာ လူမျိုးများအတွက် ပြောဆိုပိုင်ခွင့် (Voice for First Nations Peoples) ကို ထောက်ခံပါသည် ထို့ကြောင့် ကျွန်ုပ်တို့ ကာလရှိ ရာသီဥတုနှင့် သဘာဝ ဘေးဒဏ်များကို ကျွန်ုပ်တို့ ကြုံတွေ့နေရသည့်အလျောက် သူတို့၏ အမြော်အမြင်နှင့် လက်တွေ့ အတွေ့အကြုံအပြင် သူတို့၏ သဘာဝလောကကြီးအပေါ် ဆက်စပ်မှုနှင့် နားလည်မှုမှ ကျွန်ုပ်တို့အားလုံး အကျိုးခံစားရနိုင်ပါသည်။

**သတ္တဝါအားလုံး စိတ်ချမ်းမြေ့မှုနှင့်တကွ စိတ်ချမ်းမြေ့မှု၏ အကြောင်းတရားများ ပြည့်စုံကြပါစေ**